စာမျက်နှာ
မာတိကာ က
ကိုယ်ရေးအချက်အလက် ဈ
အမှာစာများ ဍ
စာရေးသူ၏ ကျေးဇူးတင်လွှာ ပ
ရုပ်ပုံများ စာရင်း မ
ဇယားကွက်များ စာရင်း ကဇ
ရောင်စုံပုံများ စာရင်း ကဈ
နိဒါန်း ကဍ

အခန်း (၁)
လူတူ ပရိုင်းမိတ်များ

ပရိုင်းမိတ်များ ၁
ပရိုင်စီမီယန်နှင့် လူတူ ၁
နှစ်ပေါင်း သန်းလေးဆယ် ၃
ပုံတောင်ဂျီးယားနှင့် မိုးကောင်းဂျန်းစစ် ၃
၁၉၇၈ ခုနှစ် ၄
၁၉၉၇ ခုနှစ် ၅
ယာရှည်ယန်းစစ်နှင့် ဗဟင်းနန်းစစ် ၆
မြန်မာ လူတူ ပရိုင်းမိတ်မျိုးစိတ် အချို့ ခွဲခြားပုံ ၆
ကန်လယ်ယား ၇
ဆွေမျိုး တော်စပ်ကြပုံ ၈
ရှေးအကျဆုံး ၁၀
ပရိုင်းမိတ် ယဉ်ကျေးမှုဇုန် ၁၂
နှစ်ပေါင်း သန်းနှင့် ချီကာ ၁၂
ကိုးကားစာရင်း ၁၂

အခန်း (၂)
လူသား၏ ဆင့်ကဲဖြစ်စဉ်

ရှေးဦးလူသား ၁၅
ဩစထရလိုပစ်သ်များ ၁၇
ဩစထရလိုပစ်သ်တို့ မျိုးတုန်းခြင်း ၁၉
ရှေးဦးလူသား ဟိုမိုများ ၂၀
မတ်ရပ်လူသား ဟိုမို အီရက်တပ်စ်များ ၂၀
နီယန်ဒါသယ်များ ၂၁
ခရို မက်ဂနွန်များ ၂၂
ခေတ်လူသား ၂၂
ကိုးကားစာရင်း ၂၃

အခန်း (၃)
ပျူယဉ်ကျေးမှု ဆင့်ကဲဖြစ်စဉ်

မြန်မာ့သမိုင်း ပျိုးခင်း ၂၅
ကျောက်ခေတ်ကာလ ၂၇
အာရှမှ ရှေးလူများ ၂၈
နွယ်ခွေလူ ၃၀
ကျောက်ခေတ်ဦး ယဉ်ကျေးမှု ၃၀
ကျောက်ခေတ်လယ် ယဉ်ကျေးမှု ၃၃
ကျောက်ခေတ်သစ် ယဉ်ကျေးမှု ၃၅
ကြေးခေတ် ၅၄
အကြိုပျူခေတ် ၅၆
အချက်အချာ ဒေသ ၆၅
ခေတ်ကာလ ပိုင်းခြား သတ်မှတ်မှုများ ၈၀
ပျူမြို့ပြခေတ် ၈၂
အကြိုပျူနှင့် ပျူ ၉၄
အကြိုပျူ ပျူနှင့် ပျူအလွန် ဝိသေသ လက္ခဏာများ ၁၀၂
ကိုးကားစာရင်း ၁၀၆

အခန်း (၄)
ပထမ မြန်မာနိုင်ငံတော် သို့မဟုတ် ရှေးဟောင်း ပျူနိုင်ငံ

မြန်မာ လူမျိုးနွယ်စုများ ၁၁၃
ပျူလူမျိုးနှင့် ပျူယဉ်ကျေးမှု ၁၁၃
အခြေချ နေထိုင်ခြင်း ၁၁၄
ရှေးမြန်မာ မှတ်တမ်းများမှ ပျူမြို့ပြနိုင်ငံများ ၁၁၄
ရှေးမှတ်တမ်းများ ၁၁၆
ကျူးပေါ်အမည် ၁၁၆
ယုန်ချန်းနှင့် ပျူနိုင်ငံ ၁၁၇
ဓါး၊ လှံ၊ မြင်း ၁၂၀
ကျူးကျီးယန်း အမည် ၁၂၀
ပျူနိုင်ငံ၏ အပိုင်းအခြား ၁၂၀
ကျူးကျီးယန်းနှင့် ကျူးပေါ ၁၂၂
မြစ်နီ ၁၂၃
တိရိစုလ် သို့မဟုတ် ထုလော်ကျူး ၁၂၃
ထုလော်ကျူးကျီးယန်း ၁၂၃
ကိုးကားစာရင်း ၁၂၄

အခန်း (၅)
ပျူနိုင်ငံသားများ

ရှေးမြန်မာ ဘိုးဘွားဘီဘင် ၁၂၅
ဒေသခံ မူလ လူမျိုးနွယ်စုများ ၁၂၆
အကြိုပျူမှ ပျူ ၁၂၈
နှလုံးသည်းပွတ်နေရာ ၁၂၉
ယဉ်ကျေးမှုကွင်းဆက် ၁၃၁
မွန်အနွယ်များ ၁၃၂
ပျူတို့၏ ဩဇာ အာဏာ ၁၃၅
မင်းနေပြည်နှင့် ပထမပြည်ထောင်စု ၁၃၉
ငြိမ်းချမ်းရေးကို မြတ်နိုးသူများ ၁၄၃
နိုင်ငံတကာ ဆက်ဆံရေး ၁၆၁
ပျူခေတ်လွန် ပုဂံ ၁၆၂
မြေပြာနှင့် ပျူ ၁၆၃
ပျူအဆက် ပျူအနွယ်များ ၁၆၄
ကိုးကားစာရင်း ၁၆၅

အခန်း (၆)
ပျူလူမျိုးနှင့် အမြစ်၊ ဝင်စည်၊ အကိုင်းအခက်များ

ပျူသား ပျူမြေး ၁၆၉
ကျောက်ခေတ်လူသား ၁၇၀
အညာသားယဉ်ကျေးမှု အဆင့်ဆင့် ၁၇၄
မြစ်ကမ်းဆင့် (၅) ဆင့် ၁၇၈
မိုးဇီးယပ်စ်မျဉ်း ၁၈၂
ကျောက်ခေတ်လယ် ကွင်းဆက် ၁၈၄
ကျောက်ခေတ်သစ် ယဉ်ကျေးမှု ၁၈၇
ကြေးခေတ် ယဉ်ကျေးမှု ၁၉၄
ကြေးခေတ်-သံခေတ် ပေါင်းကူးခြင်း ၂၀၂
ဟန်လင်းဒေသ ၂၀၂
စမုန်မြစ်ဝှမ်း ကြေး-သံခေတ် ယဉ်ကျေးမှု ၂၀၉
အမရပူရ တောင်သမန်နှင့် အင်းလေး ၂၂၇
ကိုးကားစာရင်း ၂၂၈

အခန်း (၇)
ပျူလူမျိုးနှင့် အသီးတစ်ရာ အညှာတစ်ခု

အစက်အလက် ပြာထွက် ၂၃၃
ဩစထရစ်အစု ၂၃၃
တိဗက်မြန်မာ အစု ၂၃၆
ရှေးမြန်မာများ ၂၄၁
ကချင် (ဂျိန်းဖော) အစုခွဲ ၂၄၄
လောလော မောဇော အစု ၂၄၄
သက်အစု ၂၄၅
ချင်းအနွယ်များ ၂၄၆
နာဂလူမျိုးများ ၂၅၀
ကရင်အနွယ်ဝင်များ ၂၅၀
တိုင်ရှမ်းအစု ၂၅၁
ကိုးကားစာရင်း ၂၅၂

အခန်း (၈)
ပျူမြန်မာ မူလ အယူအဆများ

ဒေသခံ မျိုးနွယ်ရင်းများ ၂၅၅
ပါမောက္ခ လုစ်နှင့် ရှေးမြန်မာ မှတ်တမ်းများ ၂၅၅
ဖန်ချော၏ မန်ရှူ ၂၅၆
နန်စောရန် ၂၅၇
ရွှေးချယ်ရာ လမ်း ၂၅၈
ပူပြင်းသည့် ဒေသ ၂၆၀
တကောင်းသည် ဒဏ္ဍာရီလော ၂၆၀
ပြန်လည် ချေပခြင်း ၂၆၁
ဦးဖိုးလတ်၏ သဘောထား အမြင် ၂၆၁
ပျူဒေသ ဖြဟွာပြည် ၂၆၂
သင့်မြတ်စွာ ဝေဖန်ထောက်ပြခြင်း ၂၆၃
နှစ်ဦးချစ်ဘက် ၂၆၄
အမှားကြာ၊ အမှန်ဖြစ် ၂၆၅
ကိုးကားစာရင်း ၂၆၅

အခန်း (၉)
လက်ဦးစွန်း အဖွန့် ထွန်းခဲ့သည့် ပြည်

သယ်သရဋ္ဌ ၂၆၇
ကံရာဇာကြီး လမ်းကြောင်း ၂၆၇
ပဥ္စလဒေဝီ၏ အနွယ်အဆက်များ ၂၆၈
ဘိန္နကရာဇာမင်း ၂၆၈
ဓဇရာဇာ၏ ပဥ္စာတကောင်းပြည် ၂၆၉
ဓေပဒူတ လမ်းကြောင်း ၂၇၀
မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့ စုန်ဆင်းလာခြင်း ၂၇၁
ဆွေမျိုးများ ပြန်လည် ဆုံစည်းမိခြင်း ၂၇၃
သကျအင်းရှိ ပျူမိဖုရား ၂၇၄
မဟာသမ္ဘဝ မင်း ၂၇၅
စူဠသမ္ဘဝ မင်း ၂၇၅
ကိုးကားစာရင်း ၂၇၆

အခန်း (၁၀)
ဒွတ္တပေါင်နှင့် သရေခေတ္တရာ

ထူးဆန်း တင့်တယ်လှစွာ သရေခေတ္တရာ ၂၇၇
ဒွတ္တပေါင်မင်းကြီး ၂၇၇
ပဒေသရာဇ်တို့၏ ဧကရာဇ် ၂၇၈
ကုသလနှင့် အကုသလ ၂၇၉
ပန်ထွာမိဖုရား ၂၈၀
ကံကုန်ခြင်း ၂၈၀
မင်းရှစ်ဆက် ၂၈၀
တေပါး မင်းဆက် ၂၈၁
ပျူ၊ ကမ်းယံ၊ မြန်မာ ၂၈၃
တကောင်းနှင့် ပုဂံ အဆက်အစပ်၊ မဟာဂီရိ နတ် ၂၈၄
ကိုးကားစာရင်း ၂၈၅

အခန်း (၁၁)
တကောင်းကို တူးဖော်ခြင်း

တကောင်းမြို့ဟောင်း တည်နေပုံ ၂၈၇
တကောင်း၏ ထုံးဟောင်းစကားများ ၂၉၀
တကောင်း မြို့တည်ကာလ ၂၉၀
ပဥ္စလရာဇ် သို့မဟုတ် ပဥ္စာတကောင်း ၂၉၁
လေ့လာခဲ့သည့် ပညာရှင်များ ၂၉၂
ကျောက်လက်နက်များ ၂၉၄
အထောက်အထား ၂၉၅
အေဒီ ၁၂ ရာစု ပုဂံခေတ် ယဉ်ကျေးမှုများ ၂၉၆
ကျောက်ပြင် အစိတ်အပိုင်း ၂၉၇
ပျူအထောက်အထား မတွေ့ရ ၂၉၇
ကိုးကားစာရင်း ၂၉၈

အခန်း (၁၂)
တကောင်းကို တွေ့ရှိခြင်း

ပြည်ဖုံးကား ၂၉၉
တတိယအကြိမ် တူးဖော်ခြင်းနှင့် တတိယမြို့ရိုး ၂၉၉
စတုတ္ထအကြိမ် ၃၀၀
ပဥ္စမ အကြိမ်နှင့် နောက်ပိုင်း အခြေအနေ ၃၀၁
၂၀၀၀ ပြည့်နှစ် တစ်ဆစ်ချိုး ပြောင်းလဲခြင်း ၃၀၃
မင်းသမီးကွင်း၊ ဦးတင်ဝင်းကုန်း ၃၀၄
သမိုင်း အယူအဆ အလှည့်အပြောင်း ၃၀၉
လက်ရေးစင်းပါ အုတ်ချပ်များ ၃၀၉
ပျူအရိုးအိုးနှင့် အထောက်အထားများ ၃၁၁
ဆင်ညှပ်ကုန်းဒေသ ၃၁၆
ပုတီးဖြူ မြေနီကျင်း ၃၁၇
ပုတီးစေ့များ ၃၁၇
ပျူဒါးများ ၃၁၈
တကောင်း အခြေခံ ပညာအထက်တန်းကျောင်း ၃၂၀
ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ၃၂၄
ကိုးကားစာရင်း ၃၂၆

အခန်း (၁၃)
ပျူနိုင်ငံနှင့် ယဉ်ကျေးမှု ပထဝီ လမ်းကြောင်းများ

မဟာဗျူဟာ အချက်အချာ ၃၂၇
တရုတ်-အိန္ဒိယ ကုန်သွယ်ရေးလမ်း ၃၂၇
မြစ်များ စီးဆင်းခြင်းနှင့်အတူ ၃၂၈
ကုန်းလမ်း ရေလမ်း ၃၃၄
ပျူနိုင်ငံ၏ ပထဝီရပ်ဝန်း နယ်မြေ ၃၃၈
အရှေ့တောင်အာရှ နိုင်ငံများနှင့် အဆက်အသွယ် ၃၃၉
သုဝဏ္ဏဘူမိ ၃၃၉
အရှေ့တိုင်းနှင့် အနောက်တိုင်း ၃၄၀
ပျူနိုင်ငံ ဗိသနိုးဒေသ ၃၄၃
သဘော်ဆိပ် ရှေးမြို့များ ၃၄၄
ပျူတို့ အချက်အချာ သရေခေတ္တရာ ၃၄၅
ဖွံ့ဖြိုးလာသော ကုန်းတွင်းလမ်း ၃၄၅
ဖူကန်တူလူ ပုဂံတံခါးပေါက် ၃၄၉
ထန်မင်းဆက်နှင့် နန်စောခေတ် ၃၅၀
တာလီမှ လမ်းနှစ်သွယ် ၃၅၁
ခမာနိုင်ငံ ၃၅၆
ဝေ၊ ရှူ၊ ဝူ ၃၆၃
သရေခေတ္တရာနှင့် ဗိသနိုးစစ် ၃၆၄
သံအဖွဲ့များ အပြန်အလှန် ၃၆၆
ပျူနိုင်ငံတော်၏ အစဉ်အလာ ၃၆၉
ကိုးကားစာရင်း ၃၇၀

အခန်း (၁၄)
ပျူနိုင်ငံ၏ နိုင်ငံတကာ ဆက်ဆံရေး

အိမ်နီးချင်းနိုင်ငံများ ၃၇၃
သယ်ဇာတနှင့် ထုတ်ကုန်များ ၃၇၃
ပျူ- အိန္ဒိယ အဆက်အသွယ် ၃၇၃
ပျူ- တရုတ် အဆက်အသွယ် ၃၈၅
ဖျောက်ယွဲ့ အရှင် ၃၉၀
ဘုရားဖူး ခရီးသည်များ ၃၉၀
တစ်ဆင့်ခံ ၃၉၁
အရှေ့တောင်အာရှ၏ ရွှေခေဝ် ၃၉၂
နန်စောနှင့် ဆက်သွယ်ခဲ့သည့် အရှေ့တောင် အာရှ ၃၉၃
ကျန်လာ အနောက်ဘက်ရှိ ကျူးကျီယန်း ၃၉၆
နန်စောသည် တိဗက်မြန်မာ အနွယ် ၃၉၈
နန်စောဂီတ ပျူဂီတ ၄၀၂
ပျူတို့ ခွဲကိုင်သည့် နိုင်ငံခြားရေး မူဝါဒ ၄၀၆
နန်စော၏ ကျူးကျော်စစ် ၄၀၉
တာလီနိုင်ငံ ၄၁၀
ချစ်ကြည် ရင်းနှီးသည့် တန်းတူရည်တူ ဆက်ဆံရေး ၄၁၁
ကိုးကားစာရင်း ၄၁၂

အခန်း (၁၅)
ပျူမြို့ပြနိုင်ငံများ

ပျူပြည်ထောင်စု ၄၁၅
၂၉၈ ဒေသ ၄၁၅
ခံတပ်မြို့ ၉ မြို့ ၄၁၆
စီရင်စု ၃၂ နယ် ၄၁၇
အထင်ကရ မြို့ပြကြီးများ ၄၁၉
တကောင်းမြို့ဟောင်း ၄၂၀
သရေခေတ္တရာမြို့ဟောင်း ၄၂၈
သဲကုန်းမြို့ဟောင်း ၄၄၇
မြို့ကုန်း ၄၅၄
ဗိသနိုးမြို့ ၄၅၅
တောင်တွင်းကြီး မြို့ဟောင်း ၄၇၉
ဟန်လင်းကြီးမြို့ဟောင်း ၄၈၃
ဗိုင်းမော (ပင်လယ်) မြို့ဟောင်း ၅၀၈
ဘိန္နကမြို့ဟောင်း ၅၁၆
ဝတီးမြို့ဟောင်း ၅၃၂
ရေစကြို ၅၄၂
ငွန်ရဲမြို့ဟောင်း ၅၄၂
ညောင်လွန်းဒေသ ညောင်ကိုင်းမြို့ဟောင်း ၅၄၃
ရန်အောင်မြင်မြို့ဟောင်း ၅၄၄
သရက်ခုံ(သို့မဟုတ်) ရေဇင်မြို့ဟောင်း ၅၄၇
အင်းလေးဒေသမှ မြို့ဟောင်းများ ၅၄၈
ကလေးတောင်ညို ရာဇဂြိုဟ် ၅၆၈
ရခိုင်ဒေသ ရှေးဟောင်းမြို့တော်များ ၅၇၀
မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ဟောင်းများ ၅၇၆
တွံတေး (တလ) ဒေသရှိ မြို့ဟောင်းများ ၅၇၇
သုဝဏ္ဏဘူမိ နယ်မြေရှိ မြို့ဟောင်းများ ၅၈၃
ထားဝယ်ဒေသ မြို့ဟောင်းများ ၆၀၂
ပုဂံမြို့ဟောင်း ၆၀၇
ကိုးကားစာရင်း ၆၂၀

သမိုင်း သုတေသန ပြုရာတွင် ပြီးပြည့်စုံသည်ဟူ၍ မရှိပါ။ အသစ် တွေ့ရှိချက်များ ပေါ်ထွက်လာလျှင် အဆိုဟောင်းများကို ပြင်ဆင်ရလေ့ ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဆရာ နိုင်ဇော်၏ "ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ" စာအုပ်သည် ကွင်းဆက် ပြတ်နေသော ပျူသမိုင်းကို ဖော်ထုတ် လာရာတွင်လည်းကောင်း၊ "ပျူတွေ ဘယ်ရောက် သွားသလဲ" ဟူသည့် မေးခွန်းပုစ္ဆာကို ဖြေရှင်းရာတွင်လည်းကောင်း များစွာ အထောက်အကူ ပြုနိုင်မည်ဟု ယုံကြည်သဖြင့် ကြိုဆိုရပါကြောင်း တင်ပြလိုက်ရပါသည်။

ပါမောက္ခ ဒေါက်တာ ကျော်ဝင်း (ငြိမ်း)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်။
အတွင်းရေးမှူး၊ မြန်မာ သမိုင်းအဖွဲ့၊
ယဉ်ကျေးမှု ဝန်ကြီးဌာန။

ဆရာ မင်းဘူး အောင်ကြိုင်၏ အမှာစာ

နိုင်ဇော် ရေးသော ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ စာအုပ်တွင် လွန်ခဲ့သော နှစ်သန်း (၄၀) အချိန် ဗဟင်းနီးယား ပရိုင်းမိတ် အပါအဝင် ပရိုင်းမိတ်များကို လူတူ ပရိုင်းမိတ် တစ်မျိုးအဖြစ် ကျယ်ပြန့်စွာ လက်ခံကြပြီ ဖြစ်သည်ဟူသော အကြောင်းမှ စ၍ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်ထိ အစဉ်အတိုင်း စာတွေ/လက်တွေ ကွင်းဆင်းလေ့လာ ရေးသား ထားသည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

ကျွန်တော်တို့ ပုဂံတွင် အညာသီယန် ကျောက်ခေတ် လူသားများ နေထိုင်သွားသည့် သံတောင်ကုန်း၊ ပုဂံ (၁၉) ရွာ အပါအဝင် ယုန်လွှတ်ကျွန်း နန်းတော်၊ ကျောက်စကား နန်းတော်၊ တမ္ပဝတီ နန်းတော် နေရာများ၊ ပျူအဆက်အနွယ်များ ဖြစ်နိုင်သော ကူရှာ၊ အနော်ရထာ မတိုင်ခင်က တည်ထားခဲ့သော ဖူးဘုရား၊ ထူပါလေးဆူတန်း၊ ပေါက်ပင်ရာဘုရား၊ ငကျွဲနားရွှေင်းဘုရား အစရှိသော ပျူခေတ် လက်ထက် ဘုရားများကိုပင် နှစ်ကြိမ်တိုင်တိုင် ကျွန်တော်နှင့်အတူ ကွင်းဆင်း လေ့လာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ကျွန်တော့်အပြင် အခြားသော ရှေးဟောင်းသုတေသန ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း ကွင်းဆင်းလေ့လာ ပြီးမှ ရေးသားသော အဖိုးတန် စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ရသမျှ အချက်အလက်များ စုံလင်အောင် ရေးသား ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့မှအပ ကိုးကားထားသော စာအုပ်စာတမ်းများကလည်း များလှပါသည်။

အထူး မှတ်သားဖွယ် ကောင်းသည့် အချက်မှာ ကမ္ဘာပေါ်တွင် မြန်မာသည် ဆန်စားသည့် နိုင်ငံဖြစ်သဖြင့် ဆန်စပါး စတင် စိုက်ပျိုး စားသုံးသည့် အထောက်အထားများကို ကချင်ပြည်နယ် ချီဖွေမြို့နယ် လဗျူချောင် (Labyu Chyaung)၊ ဆောလော်မြို့နယ် စကျင်ဂူနှင့် မြောက်ဘက် အထက်ပိုင်း ခေါင်လန်ဖူးဒေသတွင် တွေ့ရပြီး နှစ်ပေါင်း ၁၂၀၀၀ နှင့် ၈၀၀၀ ကြား ဖြစ်ဖွယ်ရှိခြင်းကြောင့် လည်းကောင်း၊ ကျောက်ခေတ်နှောင်း ကျောက် လက်နက်များနှင့် အတူ တွေ့ရသဖြင့်လည်းကောင်း၊ ဆန်စပါးအစ မြန်မာက ဟူ၍ ပြောဆိုနိုင်ပါသည်။ ဤအချက်သည် မြန်မာ တစ်မျိုးသားလုံး အတွက် ဂုဏ်ယူဖွယ် ဖြစ်ပါသည်။ ကျောက်ခေတ်နှောင်း လူတို့သည် အိုးလုပ်ခြင်း တတ်ကျွမ်းနေပေပြီ၊ လယ်စပါး စိုက်ပျိုးမှုကို အာရှတိုက် အရှေ့တောင်ပိုင်း၌ ရှေးဦးစွာ တတ်သိသူများ ဖြစ်သည်ဟု ဤစာအုပ်တွင် ဖော်ပြပါရှိသဖြင့် ဗဟုသုတဖြစ်ဖွယ် ဂုဏ်ယူဖွယ် ဖြစ်စေပါသည်။

၎င်းအပြင် ကြေးခေတ်အကြောင်း ရေးရာတွင် စုံလင်လှပါသည်။ ကြေးခေတ်တွင် ကြေးလက်နက် မျိုးစုံ ပုံစံများနှင့်တကွ ဖော်ပြထားသည့်အပြင် ကြေးခေတ်က ကျင့်သုံးခဲ့သော ဓလေ့ထုံးစံ များစွာတို့ကို သိရသည်။ သမိုင်း ကွင်းဆက် ပြတ်နေသော ကြေးခေတ်အကြောင်း ယခုလို ရေးထားသည်မှာ ကွက်လပ် ဖြစ်နေသည့် သမိုင်းကို ပိုမို ပြည့်စုံသွားစေပါသည်။

ထို့နောက် အစဉ်လိုက် သံခေတ်ကို ဖော်ပြရာတွင် သံ အသုံးချ ကြေး အလှအပ (Iron for hoe, bronze for show) ဟု ဆိုရလောက်အောင် သံကို အသုံးချတတ်လာကြပြီ။ ဥပမာ – ဓါးကို သံဖြင့် လုပ်ပြီး အနောင့် လက်ကိုင်ကို ကြေးဖြင့် အလှအပ တန်ဆာဆင် ပြုလုပ်တတ်လာကြပါသည်။ သံကို သုံးစွဲလာခြင်းသည် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ခြင်း၏ လက္ခဏာဖြစ်သည်။

ကြေးခေတ်နှင့် သံခေတ် အကူးကာလတွင် ရှေးအကျဆုံး အခြေချနေထိုင်မှု စတုဂံပုံ အုတ်အဆောက်အဦကို ဆောက်လုပ် လာကြကြောင်း၊ သရက်ခရိုင် လက်ပံရွာတွင် ရှေးဟောင်း သုတေသန ဦးစီးဌာနမှ တူးဖော် တွေ့ရှိသည့် အပြင် တွေ့ရှိသော ကြေးလက်နက် တစ်ခုတွင် အဝတ်အရာ တွေ့ရသဖြင့် ကြေးခေတ်တွင် အဝတ်အထည်များ ကောင်းစွာ ထုတ်လုပ်တတ်ကြောင်း ဤစာအုပ်တွင် မှတ်သားဖွယ် ဗဟုသုတ ရဖွယ် တွေ့ရမည် ဖြစ်ပါသည်။

စမုန်နှင့် ဟန်လင်း ကြေးခေတ် သချိုင်းများတွင် လက်ရာမြောက် သေသပ် လှပသော ကြေးလက်ကိုင်တပ် သံဓါး အတော်များများ တွေ့ရသဖြင့် သံခေတ်ထဲသို့ စတင် ရောက်ရှိလာချိန်တွင် ကြေးသတ္တုကို တိုး၍ ထုတ်လုပ် လာကြသည်။ အရှေ့တောင်အာရှ ဒေသတွင် ကြေးခေတ်မှ သံခေတ်သို့ ကူးပြောင်းစ ပြုသည့် အချိန်မှာ ဘီစီ (၇၀၀) မှ ဘီစီ (၄၀၀) အကြားကာလ ဖြစ်ဘွယ်ရှိသည်ဟု ခန့်မှန်းကြသည်။ မြန်မာနိုင်ငံရှိ အမရပူရ တောင်သမန်ဒေသ၌ တူးဖော် တွေ့ရှိသော အိုးနှင့် သံထည်များကို သာမိုလူမီနီးဆင့် (Thermo Luminescence) နည်းဖြင့် သက်တမ်း တွက်ချက်ကြည့်ရာ၊ တောင်သမန် ရုပ်ကြွင်းအရိုးစု ရင်ဘတ်ပေါ်မှ ရရှိသော သံငါးများချိတ်၏ သက်တမ်းကို ဘီစီ (၄၆၀) ဟု သတ်မှတ်ပြီး ဘီစီ (၆၆၀) နှင့် (၂၆၀) အကြား ခန့်မှန်း သက်တမ်း ပေးထားသည်ဟု ဖော်ပြ ပါရှိသဖြင့် မှတ်သားဖွယ် အချက်အဖြစ် သိသင့်သော အချက်ကို သိရခြင်းဖြစ်ပါသည်။

ပျူ မြို့ပြခေတ်၊ ကြေးခေတ်မှ သံခေတ်ဘက်သို့ ကူးပြောင်းသွားသည့် အချိန်နှင့် မရှေးမနှောင်းမှာပင် မြို့ရိုး အမိုင်အစန့် ကာရံ ထားရှိသော မြို့ပြများ စတင် ပေါ်ပေါက်လာကြသည်ဟု ဖော်ပြချက်မှာလည်း ဗဟုသုတ တိုးပွားစေပါသည်။

ဤစာအုပ်တွင် ပျူမြို့တော်များ၏ မြို့ရိုး ပုံသဏ္ဌာန်များကိုလည်း ဖော်ပြပါသည်။ ထို့မှအပ ပျူခေတ်တွင် ရွှေထည်ပစ္စည်းများ လက်ရာမြောက်ကြောင်း ပုံများနှင့်တကွ ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။

မြန်မာနိုင်ငံအတွင်း ပျူခေတ် ပျူများ နေထိုင်သွားခဲ့သော ချင်းတွင်းမြစ်နှင့် ဧရာဝတီ အကြားဒေသများ၊ ဧရာဝတီမြစ်နှင့် မူးမြစ်ဝှမ်းဒေသ၊ ဧရာဝတီ အရှေ့ဘက်ကမ်း တကောင်းမှသည် စမုန်မြစ်ဝှမ်းအထိ ပျူတို့ နေသွားခဲ့သော နေရာဒေသများ၊ စမုန်မြစ်ရိုးတစ်လျှောက်တွင် ရှေးအခါက ပျူနှင့် ကမ်းယံလူမျိုးများ နေထိုင် သွားသော ဂူကြီးများ ရှိကြောင်း၊ မင်းဘူးခရိုင်အတွင်း များစွာသော ဒေသများတွင် ပျူဒါး၊ ပျူပုတီးစေ့၊ ပျူအရိုးနှင့် ပျူလက်ကြပ်၊ လက်စင်းရာပါသော ပျူအုတ်များ၊ ပျူကျောက်စာ၊ ပျူ ကျောက်ပုတီးစေ့များ တွေ့ရှိရခြင်းအားဖြင့် ပျူများ နေထိုင်သွားခဲ့သည့် ဒေသတို့ကို ဖော်ပြထားသည်မှာလည်း စုံလင်လှပေသည်။

ထို့မှအပ ပျူခေတ် လက်စင်းရာပါ အုတ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံသာမက အိန္ဒိယနိုင်ငံရှိ ဗာရာဏသီ၊ ကောသမ္ဗီ၊ ရာဇဂဟ (ရာဇဂြိုဟ်)၊ ဝေသာလီ၊ ကုသိနာရုံ၊ ကပ္ပိလဝတ် တို့တွင်လည်း တွေ့ရကြောင်း၊ ဆဟာရန်ပူရ်၊ ဒန်နလီ၊ ဘင်္ဂလားဒေ့ရှ် ဘာဂရာနယ်၊ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ ကေလာသတောင်ဝန်းကျင်၊ ထိုင်းနိုင်ငံ ဦးထုံဒေသတွင်လည်း လက်ရေးစင်းပါ အုတ်ချပ်များ တွေ့ရသည်ဟု ဆိုပါသည်။

၎င်းပြင် တရုတ်မှတ်တမ်းများအရ မြန်မာနိုင်ငံကို မြန့်တိုင်းဟူ၍လည်းကောင်း Mien ဟူ၍ လည်းကောင်း၊ ကျူးပေါ (Chu-Po) ဟူ၍ လည်းကောင်း၊ ပျူလူမျိုးကို ဖျောက် (ပျူ) ဟူ၍ လည်းကောင်း ခေါ်ကြောင်း၊ သူတို့ကို သူတို့ ဒုလီချူး (Dulichu) ထုလော်ကျူးဟု ခေါ်ကြောင်း၊ ဂျာဗားသားတို့က တူလီကျွယ် (Tuli Chuch) ဟူ၍ လည်းကောင်း၊ ထုလီကျော် (Tuli Cho) ဟူ၍ လည်းကောင်း၊ ပုဂံခေတ် အေဒီ ၁၁ ရာစုတွင် ကျန်စစ်သား နန်းတည်ကျောက်စာတွင် မွန်ဘာသာ အခေါ် (တိရိစုလ်) ဟူ၍လည်းကောင်း၊ ပါရှားမှတ်တမ်းများတွင် (တြစုလ်) (Trsul) ဟူ၍ လည်းကောင်း၊ တုစုလ် (Tusul) ဟူ၍ လည်းကောင်း ဖော်ပြထားသဖြင့် ထုလော်ကျူး၊ တုလီကျော်၊ တိရစုလ်၊ တြစုလ် ဆိုသော အခေါ်အဝေါ် အားလုံး နီးကပ်စွာ တူညီ ဆက်စပ်နေကြပါသည်ဟူ၍ ဖော်ပြပါရှိခြင်း၊ ပျူနိုင်ငံ (သို့) မြန်မာနိုင်ငံ၏ နယ်နိမိတ်များ ပါရှိခြင်း၊ မြန်မာဆိုသည် ပျူ့သား၊ ပျူ့မြေးဟု ဖော်ပြပါရှိခြင်း၊ မြန်မာနိုင်ငံတွင် ဟန်လင်းပျူ၊ တနင်္သာရီပျူ၊ ကမ္ဘောဇပျူ၊ ကချင်ပျူ၊ ချင်းပျူ စသည်ဖြင့် ပျူ (၁၂) ပြည်ထောင်၏ အမည်များကို ဖော်ပြပါရှိသည့်အပြင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့သည် အသီးတစ်ရာ အညှာ တစ်ခုသဖွယ် အရင်းချင်း ဆွေမျိုးတော်စပ်ကြပုံများလည်း ရေးသားပါရှိသည်။

ပျူလူမျိုးတို့လက်ထက်တွင် အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုများ တည်ဆောက် ဖန်တီးနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးများ ဆက်သွယ်ခဲ့ပုံကိုလည်း တွေ့ရသည်။ ပျူမြို့ပြများတွင် အသစ် တွေ့ရှိသော ပျူမြို့ပြ အချို့ကို အထောက်အထားနှင့် ခိုင်လုံစွာ ပေါ်ပြထားရာ ပျူယဉ်ကျေးမှု နယ်နိမိတ်ကို တိုးချဲ့စေနိုင်ခဲ့ပါသည်။ ပျူယဉ်ကျေးမှု မြင်ကွင်းကို ကျယ်ပြန့်စွာ တွေ့မြင်စေခြင်းတို့ကြောင့် ဤစာအုပ်သည် ဗဟုသုတ ဖြစ်စေသော အိမ်တွင် ဆောင်ထားသင့်သည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

ဦးအောင်ကြိုင် (မင်းဘူး အောင်ကြိုင်)
ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်။
ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊
ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ မန္တလေးမြို့၊
ယဉ်ကျေးမှု ဝန်ကြီးဌာန။

ပါမောက္ခ ဒေါက်တာ မာဂရက် ဝေါင်း၏ အမှာစာ

ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ စာအုပ်ကို အခန်း (၁၅) ခန်းခွဲကာ စနစ်တကျ ကွင်းဆင်း လေ့လာ သုတေသနပြု ရေးသားခဲ့သည့် ဆရာ နိုင်ဇော်၏ ကြိုးပမ်း အားထုတ်မှုကို အလွန်ပင် ချီးမွမ်းမိသည်။ ယနေ့ခေတ် ကာလတွင် သမိုင်းကို ထဲထဲဝင်ဝင် လေ့လာ လိုက်စားသူ နည်းပါးပြီး ခါတော်မီ သမိုင်း ရေးသားမှုများ များပြားနေရာ ဆရာ နိုင်ဇော်၏ လေ့လာ ကြိုးပမ်း အားထုတ်မှုကို ကြိုဆိုရမည် ဖြစ်သည်။

မိမိ၏ တာဝန်များ များပြားလှသည့်ကြားက ကွင်းဆင်း လေ့လာခြင်း၊ သမိုင်းဌာနတွင် စာတမ်း လာရောက် ဖတ်ကြားခြင်းတို့ကြောင့် သမိုင်းရေးရာနှင့် ပတ်သက်၍ ဆရာ နိုင်ဇော်နှင့် မကြာခဏ အတွေ့အကြုံ ဖလှယ်ခွင့် ရခဲ့သည်။ ယခု ရေးသားသည့် ပျူနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများမှာ အလွန် ကျယ်ပြန့်စွာ ပုံဖော် ရေးသားထားသည်ကို တွေ့ရသဖြင့် ပျူသမိုင်း လေ့လာသူများနှင့် မြန်မာနိုင်ငံ သမိုင်းကို စိတ်ဝင်တစား လေ့လာနေသူများအတွက် များစွာ အသုံးဝင်မည့် စာအုပ် တစ်အုပ် ဖြစ်မည်မှာ မလွဲပင်ဖြစ်သည်။

သို့သော် ပုဂံ ရာဇဝင်ကို တုတ်ထမ်း ပြောရမည် ဆိုသကဲ့သို့ ပျူနှင့် ပတ်သက်သည့် သမိုင်းသည်လည်း အလွန် အပြောကျယ်စွာ ငြင်းခုန်ရမည့် အချက်များ ရှိနေဦးမည်သာ ဖြစ်သည်။ နိုင်ငံတကာ သုတေသီများ၊

သူတို့ ဒုလီချူး (Dulichu) ထုလော်ကျူးဟု ခေါ်ကြောင်း၊ ဂျာဗားသားတို့က တူလီကျွယ် (Tuli Chuch) ဟူ၍ လည်းကောင်း၊ ထုလီကျော် (Tuli Cho) ဟူ၍ လည်းကောင်း၊ ပုဂံခေတ် အေဒီ ၁၁ ရာစုတွင် ကျန်စစ်သား နန်းတည်ကျောက်စာတွင် မွန်ဘာသာ အခေါ် (တိရိစုလ်) ဟူ၍လည်းကောင်း၊ ပါရှားမှတ်တမ်းများတွင် (တြစုလ်) (Trsul) ဟူ၍ လည်းကောင်း၊ တုစုလ် (Tusul) ဟူ၍ လည်းကောင်း ဖော်ပြထားသဖြင့် ထုလော်ကျူး၊ တုလီကျော်၊ တိရစုလ်၊ တြစုလ် ဆိုသော အခေါ်အဝေါ် အားလုံး နီးကပ်စွာ တူညီ ဆက်စပ်နေကြပါသည်ဟူ၍ ဖော်ပြပါရှိခြင်း၊ ပျူနိုင်ငံ (သို့) မြန်မာနိုင်ငံ၏ နယ်နိမိတ်များ ပါရှိခြင်း၊ မြန်မာဆိုသည် ပျူ့သား၊ ပျူ့မြေးဟု ဖော်ပြပါရှိခြင်း၊ မြန်မာနိုင်ငံတွင် ဟန်လင်းပျူ၊ တနင်္သာရီပျူ၊ ကမ္ဘောဇပျူ၊ ကချင်ပျူ၊ ချင်းပျူ စသည်ဖြင့် ပျူ (၁၂) ပြည်ထောင်၏ အမည်များကို ဖော်ပြပါရှိသည့်အပြင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့သည် အသီးတစ်ရာ အညှာ တစ်ခုသဖွယ် အရင်းချင်း ဆွေမျိုးတော်စပ်ကြပုံများလည်း ရေးသားပါရှိသည်။

ပျူလူမျိုးတို့လက်ထက်တွင် အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုများ တည်ဆောက် ဖန်တီးနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးများ ဆက်သွယ်ခဲ့ပုံကိုလည်း တွေ့ရသည်။ ပျူမြို့ပြများတွင် အသစ် တွေ့ရှိသော ပျူမြို့ပြ အချို့ကို အထောက်အထားနှင့် ခိုင်လုံစွာ ပေါ်ပြထားရာ ပျူယဉ်ကျေးမှု နယ်နိမိတ်ကို တိုးချဲ့စေနိုင်ခဲ့ပါသည်။ ပျူယဉ်ကျေးမှု မြင်ကွင်းကို ကျယ်ပြန့်စွာ တွေ့မြင်စေခြင်းတို့ကြောင့် ဤစာအုပ်သည် ဗဟုသုတ ဖြစ်စေသော အိမ်တွင် ဆောင်ထားသင့်သည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

ဦးအောင်ကြိုင် (မင်းဘူး အောင်ကြိုင်)
ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်။
ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊
ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ မန္တလေးမြို့၊
ယဉ်ကျေးမှု ဝန်ကြီးဌာန။

ပါမောက္ခ ဒေါက်တာ မာဂရက် ဝေါင်း၏ အမှာစာ

ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ စာအုပ်ကို အခန်း (၁၅) ခန်းခွဲကာ စနစ်တကျ ကွင်းဆင်း လေ့လာ သုတေသနပြု ရေးသားခဲ့သည့် ဆရာ နိုင်ဇော်၏ ကြိုးပမ်း အားထုတ်မှုကို အလွန်ပင် ချီးမွမ်းမိသည်။ ယနေ့ခေတ် ကာလတွင် သမိုင်းကို ထဲထဲဝင်ဝင် လေ့လာ လိုက်စားသူ နည်းပါးပြီး ခါတော်မီ သမိုင်း ရေးသားမှုများ များပြားနေရာ ဆရာ နိုင်ဇော်၏ လေ့လာ ကြိုးပမ်း အားထုတ်မှုကို ကြိုဆိုရမည် ဖြစ်သည်။

မိမိ၏ တာဝန်များ များပြားလှသည့်ကြားက ကွင်းဆင်း လေ့လာခြင်း၊ သမိုင်းဌာနတွင် စာတမ်း လာရောက် ဖတ်ကြားခြင်းတို့ကြောင့် သမိုင်းရေးရာနှင့် ပတ်သက်၍ ဆရာ နိုင်ဇော်နှင့် မကြာခဏ အတွေ့အကြုံ ဖလှယ်ခွင့် ရခဲ့သည်။ ယခု ရေးသားသည့် ပျူနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများမှာ အလွန် ကျယ်ပြန့်စွာ ပုံဖော် ရေးသားထားသည်ကို တွေ့ရသဖြင့် ပျူသမိုင်း လေ့လာသူများနှင့် မြန်မာနိုင်ငံ သမိုင်းကို စိတ်ဝင်တစား လေ့လာနေသူများအတွက် များစွာ အသုံးဝင်မည့် စာအုပ် တစ်အုပ် ဖြစ်မည်မှာ မလွဲပင်ဖြစ်သည်။

သို့သော် ပုဂံ ရာဇဝင်ကို တုတ်ထမ်း ပြောရမည် ဆိုသကဲ့သို့ ပျူနှင့် ပတ်သက်သည့် သမိုင်းသည်လည်း အလွန် အပြောကျယ်စွာ ငြင်းခုန်ရမည့် အချက်များ ရှိနေဦးမည်သာ ဖြစ်သည်။ နိုင်ငံတကာ သုတေသီများ၊